## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၇၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၅၄/၂၀၂၁) အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၇၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

၁။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှ အထွေထွေမန်နေဂျာ (မြို့ပြ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးမောင်မောင်သွင် အား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ၎င်းအား ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်ပြီး နောက်တစ်ရက်ဖြစ်သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်မှ စတင်ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၉ ရက်မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၂၁ ခုနှစ်၊ သြဂုတ်လ ၉ ရက်)

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၉/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား စီမံရေးဦးစီးဌာန၊ စီးပွားရေးစီမံရေးဌာနခွဲမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း၊ ဦးစီးမှူး (စီးပွား) ဒေါ်ဖြိုးသိင်္ဂီခိုင် အား ယင်းဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀- ၄,၀၀၀- ၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (စီးပွား) ရာထူးသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၄၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ သြဂုတ်လ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်စွဲပါ စာအမှတ်၊ ၁၁၈(၁)/၈/ ကောင်စီရုံးဖြင့် ခွင့်ပြုချက်အရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဓာတ်အားဖြန့်ဖြူးရေး ဌာနမှ လစာနှုန်း (၄၁၈,၀၀၀- ၄,၀၀၀-၄၃၈,၀၀၀) တန်း၊ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးကျော်သူ အား ယင်းကော်ပိုရေးရှင်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၅၅၀,၀၀၀) တန်း၊ အမှုဆောင်အရာရှိချုပ် ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၅၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ သြဂုတ်လ ၂၅ ရက်)

၁။ ၂၀၂၁ ခုနှစ်၊ သြဂုတ်လ ၁၂ ရက်နေ့နှင့် ၁၃ ရက်နေ့တို့တွင် ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) တန်း၊ အထွေထွေမန်နေဂျာ (စီမံ) ဦးနိုင်ဝင်း အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ

၁၉ ရက်နေ့အထိ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက်နေ့ ညနေပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အောင်သန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

### ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှုအညွှန်းကိန်း (Manufacturing Production Index – MPI) အကောင်အထည်ဖော်နိုင်ရေး ဦးဆောင်ကော်မတီ (Steering Committee) ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံ၏ကုန်ထုတ်လုပ်မှု ကဏ္ဍ တစ်ရပ်လုံးကို ခြုံငုံသုံးသပ်နိုင်မည့် အညွှန်းကိန်းတစ်ခုဖြစ်သည့် **ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှု အညွှန်းကိန်း (Manufacturing Production Index – MPI)** ကို အကောင်အထည်ဖော်နိုင်ရန် **ဦးဆောင်ကော်မတီ (Steering Committee)** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

( ဇ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

( ဈ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဋ ) ဌာနကြီးမှူး အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

( ဌ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

၂။ အဆိုပါ ဦးဆောင်ကော်မတီ (Steering Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(က) ဦးဆောင်ကော်မတီ (Steering Committee) သည် လုပ်ငန်းလိုအပ်ချက်အရ အခါအားလျော်စွာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခေါ်ယူကျင်းပ၍ အောက်ပါတို့အပေါ် လိုအပ်သောမူဝါဒနှင့် လမ်းညွှန်ချက်များ ချမှတ်ပေးရန်-

(၁) MPI အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့ (Working Group) ကို ဦးဆောင်ကော်မတီအောက်တွင် ဖွဲ့စည်းထားရှိခြင်း၊

(၂) စီမံကိန်း တာဝန်ယူဆောင်ရွက်မည့်ဌာန (Focal Department) သတ်မှတ်ခြင်း၊

(၃) နည်းပညာနှင့် ငွေကြေးအထောက်အပံ့ရရှိရေးအဆိုပြုတင်ပြမည့် စီမံကိန်းအဆိုပြုလွှာ (Project Proposal) ရေးသားခြင်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများသို့ ညှိနှိုင်းအဆိုပြုခြင်း၊

(၄) စီမံကိန်းအကောင်အထည်ဖော်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစည်းမျဉ်း (Term of Reference – ToR) ရေးဆွဲပြုစုခြင်း၊

(၅) နိုင်ငံတော်၏ ရန်ပုံငွေမှ စိုက်ထုတ်ကျခံခြင်း၊

(၆) Industrial Census ကောက်ယူခြင်း၊

(၇) ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှုအညွှန်းကိန်း (MPI) ကို လစဉ်/နှစ်စဉ် တွက်ချက်ခြင်းနှင့် ထုတ်ပြန်ခြင်း။

( ခ ) ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ပေးရန်၊

( ဂ ) အထက်အဖွဲ့အစည်းများသို့ လိုအပ်သလို တင်ပြ ခွင့်ပြုချက်ရယူပေးရန်၊

(ဃ) ဦးဆောင်ကော်မတီ အဖွဲ့ဝင်များအား လုပ်ငန်းလိုအပ်ချက်နှင့်အညီ လိုအပ်သကဲ့သို့ ပြင်ဆင်ဖွဲ့စည်းခွင့်ပြုရန်။

ဒေါက်တာချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၇၀၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးမှ (လဝက-၂၇၅၇) ညွှန်ကြားရေးမှူး ဦးတင်ချယ် သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် အသက် ၆၀ နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားရမည်ဖြစ်ရာ ၎င်း၏ကြိုတင်ပြင်ဆင်ခွင့် (၄) လအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၂၂ အရလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ-၈၁အရလည်းကောင်း အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဦးတင်ချယ် အား ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၅၆ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ-၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ခင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမားဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၅၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ခုံသမာဓိအဖွဲ့ အတွင်းရေးမှူး အစားထိုးခန့်အပ်ခြင်း**

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) နှင့်အညီ အမိန့်ကြော်ငြာစာအမှတ် (၁၉၄/၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊

ခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူး ဒေါ်တင်လင်းစိုး **အစား** ဦးဇော်သန်းတင့် အား အစားထိုးပြောင်းလဲဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်။

မြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နီနီကျော် [၁၂/လသန (နိုင်) ဝ၁၂၅ဝ၅] အား ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှစတင်၍ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,ဝဝဝ-၄,ဝဝဝ-၄၃၈,ဝဝဝ) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၂၁)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်း [၁၂/အလန (နိုင်) ဝ၂၅၃၄၆] အား ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,ဝဝဝ-၄,ဝဝဝ-၃၉၄,ဝဝဝ) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်ရေးဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူး ဒေါ်မျိုးနွယ်အေး [၁၂/မဂဒ (နိုင်) ဝ၃၃၂၆၄] အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,ဝဝဝ-၄,ဝဝဝ-၃၉၄,ဝဝဝ) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၄/၂၀၂၁)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အောက်ပါ လက်ထောက်ညွှန်ကြားရေးမှူး (၃) ဦးအား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှစ၍ ဒုတိယ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,ဝဝဝ-၄,ဝဝဝ-၃၆၁,ဝဝဝ) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

(က) ဦးအောင်ကျော်မိုး-၁ ၁၂/ဥကမ (နိုင်) ဝ၄၁၃၄၅
(ခ) ဒေါ်ခင်မျိုးသော် ၁၂/ဒပန (နိုင်) ဝ၅၂၅၃၈
(ဂ) ဦးခင်မောင်စိုး-၁ ၁၂/ကမရ (နိုင်) ဝ၃၉၃၁၃

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၂၁)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အောက်ပါဦးစီးအရာရှိ (၄) ဦးအား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှစ၍ လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါ်ခင်ကလျာဦး | ၁၂/မဂဒ (နိုင်) ၀၁၃၆၇၆ |
| (ခ) | ဒေါ်သဲရတနာသိန်း | ၁/မညန (နိုင်) ၀၇၉၃၄၅ |
| (ဂ) | ဒေါ်ခင်သီတာထွန်း | ၉/မခန (နိုင်) ၀၀၂၄၃၀ |
| (ဃ) | ဦးမင်းမင်းဇော် | ၇/နတလ (နိုင်) ၀၀၂၄၄၄ |

ဒေါက်တာ ပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၁) အစီအစဉ် (၄-စ) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ကျော်ကျော်ခေါင် အား အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို အများပြည်သူအကျိုးငှာ ငြင်းပယ်ပြီးနောက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှစ၍ ငြင်းပယ်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၂၂ ခုနှစ်၊ မေလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် (၂၃၃) (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

အမှတ် ၁၈။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၉ ရက်စွဲပါ စာအမှတ်၊ ၃မဆ (ဆ) ၂၀၂၁/၈၆၄၄ ဖြင့် ခွင့်ပြုချက်အရ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရန်ကုန်မြို့၊ ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါ်ထွေးထွေး (တဆ-၈၄၆) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

အမှတ် ၁၉။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ၏ သဘောတူညီချက်အရ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ကလေးကျန်းမာရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒေါက်တာသိင်္ဂီအောင် (ဆမ-၁၁၂၇၈) Dip.Med.Sc (DD&STD) အား ညွှန်ကြားရေးမှူး (ကလေးကျန်းမာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင် ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

အမှတ် ၂၀။ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၁) နှင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၂၁) တို့၏ သဘောတူညီချက်အရ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးဝါး/ဥယျာဉ်ဌာနခွဲ၊ အမျိုးသား ပရဆေးဥယျာဉ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ ဦးစီးမှူး (ဥယျာဉ်)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးဇော်သန်း အား လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ (ဥယျာဉ်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် လက်ရှိနေရာတွင်ပင် အလုပ်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် အရာထမ်းသည် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

အမှတ် ၂၁။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်စွဲပါ စာအမှတ်၊ ၅ မက (ခ) ၂၀၂၁/၁၀၅၉၉ ဖြင့် ခွင့်ပြုချက်အရ တိုင်းရင်းဆေးပညာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကွန်းမြို့၊ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ် ဒေါ်တင်မာမာ (တဆ-၉၀၂) အား အငြိမ်းစားမယူမီ ကြိုတင် ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၆/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်/လူကုန်ကူးဌာနခွဲတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ဦးခင်ထွန်း အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ကာလ (၄) လဖြစ်သည့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့အထိ ကာလကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အခန်း (၈)၊ နည်းဥပဒေ (၈၁) အရ အများ ပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ညွှန်ကြားရေးမှူး ဦးခင်ထွန်း အား ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မေလ ၁၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် နောက်တစ်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ပုဒ်မ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ဦးခင်မောင်ဇော် အား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၁)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) (၂) ဦးအား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|
| (၁) | ဒေါ်ချယ်ရီ<br>ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| (၂) | ဒေါ်ကြူကြူလှိုင်<br>ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |

### အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ချင်းပြည်နယ်ရဲတပ်ဖွဲ့မှ လ ၂၀၀၀၂၇ ရဲအုပ်ခင်အုန်းငြိမ်း အား မူလရာထူးနှယ်ကို ရယူ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၌ လစ်လပ်လျက်ရှိသော ကိုယ်ရေးအရာရှိ ရာထူးနေရာတွင် အဖွဲ့ဝင် သူရဦးဘိုနီ ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

ဦးခင်အုန်းငြိမ်း အား ကိုယ်ရေးအရာရှိ ခန့်ထားခွင့်ရှိသော အမြင့်ဆုံးလစာနှုန်း (၂၉၅,၀၀၀/-) အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၏ ဘဏ္ဍာငွေမှ ထုတ်ယူခံစားခွင့်ပြုလိုက်သည်။

သန်းဆွေ

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မွန်ပြည်နယ်အစိုးရအဖွဲ့

### အမိန့်အမှတ် (၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

### မွန်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်စွဲပါ အမိန့်အမှတ် (၁၅၃/၂၀၂၁) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအဖြစ် ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ပါ၍ မွန်ပြည်နယ်အစိုးရအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဇော်လင်းထွန်း | ပြည်နယ်ဝန်ကြီးချုပ် |
| (၂) | ဗိုလ်မှူးကြီး နေထွဋ်ဦး<br>ကြည်း ၂၆၃၃၉ | ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ<br>ဝန်ကြီးဌာန |
| (၃) | နိုင်လယိတမ (ခ) နိုင်ခင်မောင်ဇင် | ဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးဌာန |
| (၄) | ဦးအောင်ကြည်သိန်း | ဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးဌာန |
| (၅) | ဦးတင်ချယ် | ဝန်ကြီး၊ လူမှုရေးရာဝန်ကြီးဌာန |
| (၆) | ရဲမှူးကြီး သက်နိုင် | ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| (၇) | ဦးခင်မောင်ဦး | ဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန |
| (၈) | ဦးမြင့်အောင် | ဥပဒေချုပ် |
| (၉) | ဦးတင်မောင်ဆွေ<br>ပြည်နယ်အုပ်ချုပ်ရေးမှူး<br>မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

### အမိန့်အမှတ် (၂/၂၀၂၁)

### မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၏ လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ခြင်း

၁။　နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်စွဲပါ အမိန့်အမှတ် (၁၆၇/၂၀၂၁) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၏ လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ပြီးဖြစ်ပါ၍ မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၏ လုပ်ငန်းတာဝန်များကို ယှဉ်တွဲပါအတိုင်း ခွဲဝေသတ်မှတ်ပေးအပ်လိုက်သည်-

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| (က) | ဗိုလ်မှူးကြီး<br>နေထွဋ်ဦး | လုံခြုံရေးနှင့်<br>နယ်စပ်ရေးရာဝန်ကြီး | ပြည်ထဲရေး<br>နယ်စပ်ရေးရာ<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား<br>စသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့်<br>ဆက်စပ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာ<br>ကိစ္စရပ်များ |

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| ( ခ ) | နိုင်လယိတမ<br>(ခ) နိုင်ခင်မောင်ဇင် | စီးပွားရေးရာဝန်ကြီး | စီမံကိန်းနှင့် ဘဏ္ဍာရေး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား<br>ဆက်သွယ်ရေး<br>စက်မှုဝန်ကြီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး<br>ဟိုတယ်နှင့် ခရီးသွားလာရေး စသည့်<br>ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဆက်စပ်<br>သည့်စီးပွားရေးရာကိစ္စရပ်များ |
| ( ဂ ) | ဦးအောင်ကြည်သိန်း | သယံဇာတရေးရာဝန်ကြီး | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေး<br>လျှပ်စစ်နှင့် စွမ်းအင်<br>သိပ္ပံနှင့် နည်းပညာ စသည့် ပြည်ထောင်စု<br>ဝန်ကြီးဌာနများနှင့် ဆက်စပ်သည့်<br>သယံဇာတရေးရာကိစ္စများနှင့် ပြည်နယ်<br>စည်ပင်သာယာရေးကိစ္စရပ်များ |
| (ဃ) | ဦးတင်ချယ် | လူမှုရေးရာဝန်ကြီး | ပြန်ကြားရေး<br>သာသနာရေးနှင့် ယဉ်ကျေးမှု<br>အလုပ်သမား<br>ပညာရေး<br>ကျန်းမာရေး<br>အားကစားနှင့် လူငယ်ရေးရာ<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်<br>နေရာချထားရေးစသည့် ပြည်ထောင်စုဝန်ကြီး<br>ဌာနများနှင့် ဆက်စပ်သည့်လူမှုရေးရာ<br>ကိစ္စရပ်များ |
| ( င ) | ရဲမှူးကြီး သက်နိုင် | လမ်းပန်းဆက်သွယ်ရေး<br>ဝန်ကြီး | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး<br>ဆောက်လုပ်ရေးဝန်ကြီးဌာနစသည့်<br>ပြည်ထောင်စုဝန်ကြီးဌာနများနှင့်<br>ဆက်စပ်သည့် လမ်းပန်းဆက်သွယ်ရေးရာ<br>ကိစ္စရပ်များ |
| ( စ ) | ဦးခင်မောင်ဦး | တိုင်းရင်းသားရေးရာဝန်ကြီး | တိုင်းရင်းသားရေးရာကိစ္စရပ်များ |
| (ဆ) | ဦးမြင့်အောင် | ဥပဒေချုပ် | ဥပဒေရေးရာကိစ္စရပ်များ |

၂။ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် သတ်မှတ်ပေးထားသည့်တာဝန်များအပြင် ပြည်နယ်ဝန်ကြီးချုပ်မှ ပေးအပ်သည့် သီးခြားတာဝန်များကို ထမ်းဆောင်ရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

## မွန်ပြည်နယ်ငါးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေကို ၂၀၁၄ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် (၄) အရ ပြဋ္ဌာန်းခဲ့ပြီး ဥပဒေပါ ပြည်နယ်ငါးလုပ်ငန်းကော်မတီကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်စွဲပါ ရုံးအမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ်ငါးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းနိုင်ရေးနှင့်စပ်လျဉ်း၍ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော မွန်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁)၊ ဆုံးဖြတ်ချက်အပိုဒ် (၇၁) အရ အတည်ပြုကြောင်းဆုံးဖြတ်ခဲ့ပါသဖြင့် မွန်ပြည်နယ်ငါးလုပ်ငန်းကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဗိုလ်မှူးကြီး နေထွဋ်ဦး | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်မြင့်ဦး | ညွှန်ကြားရေးမှူး<br>မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>(မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး) | အဖွဲ့ဝင် |
| (ဂ) | ဦးစိုးမောင် | ပြည်နယ်ဦးစီးမှူး<br>မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာ နီနီမော် | ညွှန်ကြားရေးမှူး<br>မွန်ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးမြင့်စိုး | ဥက္ကဋ္ဌ<br>မွန်ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (စ) | ဦးခင်မောင်ရီ | ဒု-ဥက္ကဋ္ဌ (၂)<br>မွန်ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဆ) | ဦးလှမင်းဇော် | ခရိုင်ဦးစီးဌာနမှူး<br>မော်လမြိုင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဝင်းမြင့် | ခရိုင်ဦးစီးဌာနမှူး<br>သထုံခရိုင်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးထွန်းထွန်းဝင်း | ပြည်နယ်ဦးစီးဌာနမှူး<br>မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန | အတွင်းရေးမှူး |

၂။ မွန်ပြည်နယ်ငါးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများ သတ်မှတ်ခြင်း၊

(ဂ) ငါးဖမ်းအင်းများ သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင် ငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

( င ) ကမ်းနီးငါးလုပ်ငန်းရေပြင် ငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

( စ ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစားသတ်မှတ်ခြင်း၊

(ဆ) ငါးလုပ်ငန်းရေပြင်ငါးဖမ်းကွက်အလိုက် ငါးဖမ်းကိရိယာ အရွယ်အစားသတ်မှတ်ခြင်း၊

( ဇ ) ငါးဖမ်းရာသီ၊ နေရာဒေသ၊ ငါးဖမ်းနည်းများ သတ်မှတ်ခြင်း၊

(ဈ) ဘေးမဲ့အင်းများ၊ သီးသန့်အင်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ည) လိုင်စင်ခ၊ ငါးစိုခွန်၊ လေ့ခွန်၊ မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

( ဋ ) လိုင်စင်သက်တမ်း၊ အငှားဂရန်သက်တမ်းနှင့် လိုက်နာရမည့်စည်းကမ်းများ သတ်မှတ်ခြင်း၊

( ဌ ) အအေးခန်းစက်ရုံများ၊ ရေထွက်ပစ္စည်းများနှင့် ငါးဒိုင်များကို စစ်ဆေးကြပ်မတ်ခြင်း၊

( ဍ ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှူးများအား တာဝန်နှင့် လုပ်ပိုင်ခွင့်များသတ်မှတ်ပေးခြင်း၊

( ဎ ) ရေမှော်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဏ) ပင်လယ်ကမ်းစပ် ဒီရေပင်များအောက်ရှိ ရေသတ္တဝါအားလုံး၏ မျိုးဥများ၊ မျိုးစေ့များ၊ သားလောင်းများ၊ သားပေါက်ကောင်များ ရှင်သန်အောင်မြင်နိုင်ရန် ကာကွယ်စောင့်ရှောက်ခြင်း၊

(တ) အစိုးရအဖွဲ့မှ အခါအားလျော်စွာ ပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

၃။ မွန်ပြည်နယ်ငါးလုပ်ငန်းကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ဖြင့် ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း၊

( ခ ) ငါးမွေးမြူရေးလုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊

( ဂ ) မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဃ) ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

( င ) လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်၊ ကမ်းနီးငါးလုပ်ငန်းရေပြင်၊ ငါးဖမ်းကွက် အမျိုးအစားသတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

( စ ) အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီး၊ ပျောက်ဆုံးသွားသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေခြင်း၊ အငှားဂရန် သို့မဟုတ် လိုင်စင် မိတ္တူထုတ်ပေးစေခြင်း၊

(ဆ) ပုဒ်မ ၂၈ အရ ပြန်အမ်းငွေပမာဏကို သတ်မှတ်ပေးခြင်း၊

( ဇ ) ရေမှော်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရေးအတွက် ရေမှော်ဇီဝမျိုးစုံမျိုးကွဲများ ရှာဖွေရယူသည့် အချိန်၊ ကာလ၊ ဒေသများကို ညှိနှိုင်းသတ်မှတ်ပေးခြင်း။

၄။ ယခင် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၁) ဖြင့် ဖွဲ့စည်းထားသော မွန်ပြည်နယ်ငါးလုပ်ငန်းကော်မတီကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဇော်လင်းထွန်း
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက် (၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အိမ်စောင့်အစိုးရအဖွဲ့ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

အိမ်စောင့်အစိုးရအဖွဲ့ရုံး၊ အုပ်ချုပ်ရေး၊ လူ့အရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေး၊ စာရင်းစစ်ဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ညွှန်ကြားရေးမှူး ဦးချမ်းသာ အား လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) ရာထူးသို့ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊စက်တင်ဘာလ ၃ ရက်)

အိမ်စောင့်အစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ရုံးအုပ် (၁၁) ဦးအား လစ်လပ်လျက်ရှိသော ဌာနစုမှူး၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက် (သောကြာနေ့) နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

(၁) ဒေါ်စန္ဒာဆွေ

(၂) ဒေါ်မေသူနွယ်

(၃) ဒေါ်ခိုင်ခိုင်ဝင်း

(၄) ဒေါ်ညွန့်ဝေဝေ

(၅) ဒေါ်အေးအေးမာ

(၆) ဒေါ်သက်ထားဦး

(၇) ဒေါ်ယဉ်သီတာခိုင်
(၈) ဒေါ်အိမွန်ကျော်
(၉) ဒေါ်စုစုမြတ်မွန်
(၁၀) ဒေါ်ကေဇာလင်း
(၁၁) ဒေါ်နန္ဒာနေဝင်း

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၁)

အိမ်စောင့်အစိုးရအဖွဲ့ရုံး၊ အုပ်ချုပ်ရေး၊ လူ့အရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေး၊ စာရင်းစစ်ဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လွင် အား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက် (သောကြာနေ့) နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဇော်သန်းသင်း
အမြဲတမ်းအတွင်းဝန်
အိမ်စောင့်အစိုးရအဖွဲ့ရုံး

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၅-၈-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၄၆၀/တမ-၂/၂၀၃/၂/၂၀၂၁ နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၆-၈-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ / ဝကရ (၁၂၇၄) တို့အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၄) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀ အဆင့်) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်လက်ခံ ဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိဌာန၊ ဒေသ |
|---|---|---|
| (၁) | ဦးအွမ်မွန်း (ခ) ကျော်ဆန်း | ခေတ္တနာဂဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| (၂) | ဦးအောင်နိုင်ထွေး | မိုင်းယောင်းမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| (၃) | ဒေါ်မိုးသူဇာ | လေရှီးမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| (၄) | ဒေါ်နီလာမျိုး | ရုံးချုပ်၊ စစ်ဆေးရေးဌာနခွဲ |

စိုင်းထွန်းညို
ညွှန်ကြားရေးမှူးချုပ်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၃၉၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၇/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂ (၁) /၀၉ (က) (၁၉၅၃/၂၀၂၁) နှင့် (သစ်တော) ၂ (၁)/၀၉ (က) (၁၉၅၅/၂၀၂၁) တို့အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၄) ဦးအား အမည်နှင့် ယှဉ်တွဲပါဌာနများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် နေ့ရက်မှစ၍ ရာထူးတိုးမြှင့်ခန့်ထားပြီး နေရာချထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ဌာန | နေရာချထားမည့်ဌာန |
|---|---|---|---|
| ၁ | ဒေါ်ခင်ခင်ဆွေ | ညွှန်ကြားရေးမှူးရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ညွှန်ကြားရေးမှူးရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် |
| ၂ | ဒေါ်သင်းသင်းစိုး | ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေး ဌာန၊ ဦးစီးရုံးချုပ် (MIC ရုံး ၊ ရန်ကုန် One Stop Service တွဲဖက်) | ပတ်ဝန်းကျင်အရည်အသွေးနှင့် စံချိန် စံညွှန်းဌာန၊ ဦးစီးရုံးချုပ် |
| ၃ | ဒေါက်တာဆန်းဝင်း | ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန၊ ဦးစီးရုံးချုပ် | ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန၊ ဦးစီးရုံးချုပ် |
| ၄ | ဒေါ်မိုးမြင့်မြင့်ရှိန် | စီမံကိန်းနှင့် GIS ဌာန၊ ဦးစီးရုံးချုပ် | စီမံကိန်းနှင့် GIS ဌာန၊ ဦးစီးရုံးချုပ် |

**အမိန့်ကြော်ငြာစာအမှတ် (၃၉၇/၂၀၂၁)**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၇/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂ (၁) /၀၉ (က) (၁၉၅၄/၂၀၂၁) နှင့် (သစ်တော) ၂ (၁)/၀၉ (က) (၁၉၅၅/၂၀၂၁) တို့အရ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူး (၁) နေရာသို့ ဘဏ္ဍာရေးဌာန၊ ဦးစီးရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမူ အား တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် နေ့ရက်မှစ၍ ရာထူးတိုးမြှင့်ခန့်ထားပြီး နေရာချထားလိုက်သည်။

လှမောင်သိန်း
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

အမှတ် ၄၃၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၂၁) မှ သဘောတူခွင့်ပြုချက်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂ (၁)/၀၈ (က) (၂၀၀၆/၂၀၂၁) တို့အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ သန္ဓေတောအုပ်ကြီး (၄) ဦးအား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀- ၄,၀၀၀- ၂၉၅,၀၀၀) ရာထူးနေရာများသို့ တိုးမြှင့်ခန့်ထားခွင့်ပြုကြောင်း ညွှန်ကြားချက်အရ ဦးစီးအရာရှိ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ရာထူး | လက်ရှိတာဝန်ကျဒေသ |
|---|---|---|---|
| (က) | ဦးဇော်ဝင်းမြင့်<br>(DZGD 00097) | ဦးစီးအရာရှိ | မန္တလေးတိုင်းဒေသကြီး<br>မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် |
| ( ခ ) | ဦးမျိုးမင်းဇော်<br>(DZGD 00054) | ဦးစီးအရာရှိ | စစ်ကိုင်းတိုင်းဒေသကြီး<br>ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ် |
| ( ဂ ) | ဦးသန်းစိုးဝင်း<br>(DZGD 00059) | ဦးစီးအရာရှိ | စစ်ကိုင်းတိုင်းဒေသကြီး<br>စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ် |
| (ဃ) | ဒေါ်မွန်မွန်ကျော်<br>(DZGD 00090) | ဦးစီးအရာရှိ | ညွှန်ကြားရေးမှူးချုပ်ရုံး<br>စီမံကိန်းဌာန |

ငွေးအောင်
ညွှန်ကြားရေးမှူးချုပ်
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက် (၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

NOTICE UNDER SECTION 348 OF MYANMAR COMPANIES LAW & CLAIMS NOTICE

**MYANMAR SEA MASTER COMPANY LIMITED**

(IN MEMBERS’ VOLUNTARY WINDING–UP)

At an Extraordinary General Meeting of the Shareholders of the company held at its registered office at No.22, Ground Floor,Nwethagyi Street, Ahlone Township, Yangon, Myanmar at 9:00 AM on 23–9–2021, the following Special Resolutions were passed:

Resolved–

(1) that the Company, be,and is hereby decided to be wound up voluntarily by the members.

(2) that Daw Tin Win Yu,be, and is hereby appointed Liquidator of the **Myanmar Sea Master Company Limited** for winding–up and also authorised and be granted power to such extent and for suitable period necessary for the members voluntary winding up. And claim notice is also hereby issued by liquidator:

I, the undersigned liquidator of the above named company, have fixed the date for the claims at 22–10–2021. The creditors of the above named company are requested to submit their claims together with the supporting legal documents of the debts and the claims after the 22–10–2021 will not be considered for the benefit as creditors.

MR.NG BAK KUANG
MANAGING DIRECTOR
MYANMAR SEA MASTER COMPANY LIMITED

DAW TIN WIN YU
LIQUIDATOR
FAMAT COMPANY LIMITED
Phone: 09–792233159,01–523327

NOTICE UNDER SECTION 348 OF MYANMAR COMPANIES LAW & CLAIMS NOTICE

**I–CASH MICROFINANCE LIMITED**

(IN MEMBERS' VOLUNTARY WINDING–UP)

In lieu of the holding of an Extraordinary General Meeting of the shareholders of **i–cash Microfinance Limited** (hereinafter referred to as the ''Company"), the following Special Resolutions were passed on 17–9–2021, in accordance with Section 345 (b) of Myanmar Companies Law:

Resolved–

(1) that the Company, be, and is hereby decided to be wound up voluntarily by the members, and

(2) that Daw Tin Win Yu, be, and is hereby appointed Liquidator of the Company for winding–up and also authorised and be granted power to such extent and for suitable period necessary for the members' voluntary winding up. And claim notice is also hereby issued by liquidator:

I, the undersigned liquidator of the above–named company, have fixed the date for the claims at 16–10–2021. The creditors of the above–named company are requested to submit their claims together with the supporting legal documents of the debts and the claims after the 16–10–2021 will not be considered for the benefit as creditors.

Mr. Takeshi Oko
Managing Director
i–Cash Microfinance Limited

Daw Tin Win Yu
Liquidator
FAMAT Company Limited
Phone: 09–792233159,01–523327

**In the Matter of**

**NIRAS A/S**

**(Myanmar Branch Office)**

I, Cho Cho Myint, hereby give notice that I have been appointed Liquidator of **NIRAS A/S (Myanmar Branch Office)** by the Board of Directors by the Board's Resolutions passed on 24th May 2021.

Cho Cho Myint
Liquidator
NIRAS A/S (Myanmar Branch Office)

မြန်မာကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ-၃၄၈ အရ

**ဒါဟူး ကုမ္ပဏီလီမိတက်**

**(Da Hua Company Limited)**

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု (ဖမ်မက် ကုမ္ပဏီ လီမိတက်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်။

ဒေါ်ဆုမွန်သန့်
မန်နေးဂျင်းဒါရိုက်တာ
ဒါဟူး ကုမ္ပဏီ လီမိတက်

ရရန်ရှိသည့်ကြွေးများတောင်းခံရန်သတိပေးခြင်း **(Claim Notice)**

**ဒါဟူး ကုမ္ပဏီလီမိတက်**

**ဒါဟူး ကုမ္ပဏီ လီမိတက်** ၏ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဖြစ်သော ကျွန်ုပ်ထံသို့ (၂၂-၁၀-၂၀၂၁) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက် ကုမ္ပဏီ လီမိတက်
အမှတ် (၆၃၅-အေ-၁)၊ အခန်း (အေ-၃)၊ (ဘီ-၃) (၂) ရပ်ကွက်၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၇၆၂၂၃၃၁၅၉၊ ၀၁ ၂၃၀၄၃၄၉

မြန်မာကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ-၃၄၈ အရ

**ဆွိုလက် အင်နာဂျီ စစ်စတန်(စ်) မြန်မာ ကုမ္ပဏီလီမိတက်**

**(Swelect Energy Systems Myanmar Company Limited)**

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု (ဖမ်မက် ကုမ္ပဏီ လီမိတက်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်။

ဒေါ်ခေမာညွန့်
မန်နေးဂျင်းဒါရိုက်တာ
ဆွိုလက် အင်နာဂျီ စစ်စတန်(စ်) မြန်မာ ကုမ္ပဏီလီမိတက်

ရရန်ရှိသည့်ကြွေးများတောင်းခံရန်သတိပေးခြင်း **(Claim Notice)**

**ဆွိုလက် အင်နာဂျီ စစ်စတန်(စ်) မြန်မာ ကုမ္ပဏီလီမိတက်**

**ဆွိုလက် အင်နာဂျီ စစ်စတန်(စ်) မြန်မာ ကုမ္ပဏီလီမိတက်** ၏ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၂-၁၀-၂၀၂၁) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက် ကုမ္ပဏီ လီမိတက်
အမှတ် (၆၃၅-အေ-၁)၊ အခန်း (အေ-၃)၊ (ဘီ-၃) (၂) ရပ်ကွက်၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၇၉၂၂၃၃၁၅၉၊ ၀၁ ၂၃၀၄၃၄၉

## Industrial Bank of Korea (Yangon Representative Office)

## Ceasing to Carry on Business in Myanmar

Industrial Bank of Korea has decided to cease to carry on its business in Myanmar through **Industrial Bank of Korea (Yangon Representative Office)**. To carry out all actions related to ceasing business in Myanmar, we hereby appoint Daw Than Than, B.A (Law) LL.B (Advocate),No.408, Ba Nyar Da La Road, Byaing Yae Oe Sin Kwat Thit, Tamwe Township, Yangon, Myanmar as a liquidator for **Industrial Bank of Korea (Yangon Representative Office).**

All creditors of **Industrial Bank of Korea (Yangon Representative Office)**, if any, are, therefore, requested to submit details of their claims together with any documentary evidence to the liquidator at the address given below, no later than 25-10-2021.

Daw Than Than
[B.A (Law).LL.B] (Advocate-1342)
Liquidator
No.408, Ba Nyar Da La Road,Byaing Yae Oe Sin Kwat Thit,
Tamwe Township, Yangon.

## ကုမ္ပဏီအားဖျက်သိမ်းကြောင်းကြော်ငြာ

## အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

## Plus One Global Design Myanmar Company Limited

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **Plus One Global Design Myanmar Co., Ltd** အား စက်တင်ဘာလ (၃၀)ရက်နေ့မှစ၍အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရာတွင်ဦးကျော်နိုင်ဦး (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးကျော်နိုင်ဦး
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၆၂)
အမှတ် (၅၀)၊ အခန်း (၉)၊ ဒုတိယထပ်၊
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်
၀၉-၇၇၇၅၀၅၇၃၇

Mr. Yuki Morimoto
Director
Plus One Global Design Myanmar Co., Ltd

## ကုမ္ပဏီအားဖျက်သိမ်းကြောင်းကြော်ငြာ
## အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
## Keiai Yangon Company Limited

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **Keiai Yangon Co., Ltd** အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော်နိုင်ဦး (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးကျော်နိုင်ဦး
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၆၂)
အမှတ် (၅၀)၊ အခန်း (၉)၊ ဒုတိယထပ်၊
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်
၀၉-၇၇၇၅၀၅၇၃၇

U Min Swe Thet
Director
Keiai Yangon Co., Ltd

## U THAN OHN AND SONS MINING CO., LTD
## အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
## မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၂၀၈ (င) အရ
## အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှယ်ယာရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက် နံနက် ၁၁:၀၀ နာရီတွင် အခန်းအမှတ် (၁၀၅)၊ ပထမထပ်၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ရှင်းလင်းဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးကြည်လင်
လက်မှတ်ရပြည်သူ့စာရင်းကိုင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**GREEN TECH INDUSTRIES LIMITED**

မြန်မာပိုင်ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၄၈ အရ ကုမ္ပဏီတွင်

ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

(က) ၂၀၂၀ ခုနှစ်၊ မေလ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

(၁) **GREEN TECH INDUSTRIES LIMITED** အား (၁၅-၅-၂၀၂၀) ရက်နေ့မှစ၍ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီရပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် ဒေါ်စိမ်းလဲ့လဲ့ယဉ် (B.Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ထားပါသည်။

( ခ ) **Green Tech Industries Ltd** မှ ရရန် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်နေ့ နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

MR. TOH CHENG WAN

Director

E7031299K

GREEN TECH INDUSTRIES LIMITED

**CKY ELECTRIC CO., LTD**

မြန်မာပိုင်ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၄၈ အရ ကုမ္ပဏီတွင်
ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

(က) ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

(၁) **CKY ELECTRIC CO., LTD** အား (၁-၁၀-၂၀၂၀) ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီရပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် ဒေါ်စိမ်းလဲ့လဲ့ယဉ် (B.Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ထားပါသည်။

( ခ ) **CKY ELECTRIC CO., LTD** မှ ရရန် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့ နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Yi Yi Khaing

Managing Director

10/Ba La Na (Naing) 057526

CKY ELECTRIC CO., LTD